# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး

# ၃၀ ရက်မြောက်နေ့ အစီအစဉ်

# [ ၂၀ - ၇ - ၂၀၁၇ ]( ကြာသပတေးနေ့ ) နံနက် ၁၀ နာရီ

၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ကတိသစ္စာမပြုရသေးသော တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်း က ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။

၃။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပ ကြောင်း ကြေညာခြင်း။

၄။ အမျိုးသားလွှတ်တော် ၃၀ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၅။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးဘွဲ့ခိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ **ချင်းပြည်နယ်ရှိ သစ်တောများ ပြန်လည် စိမ်းလန်းစိုပြည်ရေးအတွက် နိုင်ငံတော်အစိုးရမှ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ။ သစ်တော ဝန်ထမ်းများ တိုးချဲ့ခန့်ထားပေးရန်နှင့် ငါဖိုင်ပီးကျေးရွာအုပ်စု လယ်မြေရိုင်း ဧက(၅၀၀)နှင့် ဒေါန်ကျေးရွာ လယ်မြေရိုင်းဧက(၅၀)တို့အား ဖော်ထုတ်ပြီး ရေသွယ်ပေးရန်** အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးမာန်လောမောင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၏ **ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်နှင့် ကန်ပက်လက်မြို့နယ်တို့အကြား ထိပ်ရှိ ဝိတိုရိယတောင် ပတ်ဝန်းကျင်သည့် လောဘသမား နယ်ခံတချို့က ညောင်စေးထောင်၍ ငှက်များ ဖမ်းဆီးခြင်း၊ ကြိုးကွင်းထောင်၍ တောကောင်များ ဖမ်းဆီးခြင်းတို့ကြောင့် ငှက်မျိုးနှင့် တောကောင်မျိုးများ မျိုးတုံးကုန်မည်ဖြစ်သဖြင့် သစ်တောဦးစီး ဌာနနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ ပူးပေါင်းစီမံခန့်ခွဲ၍ ဝိတိုရိယတောင်ထိပ်တက်သည့် လမ်းကြောများတွင် စစ်ဆေးရေးဂိတ်များ ထားပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးခင်မျိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ **တနင်္သာရီ တိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်၊ ကရသူရိမြို့၊ မသေကျေးရွာအုပ်စုရှိ ပို့ကောင်းဆီအုန်း ကုမ္ပဏီဝင်းအတွင်းရှိလမ်းကို ရွာသူရွာသား ဒေသခံ ပြည်သူများနှင့် ခရီးသွားပြည်သူများ နေ့ရောညပါ အချိန်မရွေး စစ်ဆေး မေးမြန်းခြင်းမရှိဘဲ ဖြတ်သန်းသွားလာခွင့်ပြုရန် သို့မဟုတ် ဘုတ်ပြင်း၊ ကော့သောင်း ပြည်ထောင်စုကားလမ်းမသို့ထွက်ရှိရန် ပို့ကောင်းကုမ္ပဏီဝင်းဘေးမှ ရှောင်ကွင်း၍ လမ်းသစ်ဖောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၏ **စစ်ကိုင်း တိုင်းဒေသကြီးအတွင်းရှိ မီးတောင်ဟောင်း အင်းအိုင်(၄)ခု အနက် တွင်းတောင်အင်းအတွင်း၌ နှစ်သန်းပေါင်း ၃၅၀၀ ကျော် ရှင်သန်ခဲ့သည့် ရှေးဦးအပင် စိမ်းပြာရေညှိ ခေါ် စပီရူလိုင်းနားများ မျိုးတုံးပျောက်ကွယ်လုပြီ ဖြစ်သည့်အတွက် ထိုအခြေအနေကို အမြန်ဆုံး ဖော်ထုတ်အရေးယူပြီး နိုင်ငံတော်မှ ကာကွယ်ထိန်းသိမ်းရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

( င ) ဒေါက်တာစန်းမောင်မောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၏ **ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ နန်းတော်ရာ ရပ်ကွက်အပိုင် ဘုရားဈေးသစ် (စည်ပင်သာယာဈေး)တွင် ဖြစ်ပေါ်နေသော တရားမဝင် အပြင်ဈေးတန်း ဖျက်သိမ်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် နှစ်ပေါင်းများစွာ ကြာနေသဖြင့် ယိုယွင်းပျက်စီးနေသော ဘုရားဈေးသစ်ကို ခေတ်မီဈေးသစ်အဖြစ် ပြန်လည် တည်ဆောက်ပေးရန်** အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း။

၇။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းခြင်း။

၈။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြား ရှင်းလင်းခြင်း။

၉။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေကြမ်းကို ဆွေးနွေး လိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၁၀။ အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ အောက်ပါ လွှတ်တော်ကိုယ်စားလှယ် များက ဆွေးနွေးခြင်း-

(က) ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)

( ခ ) ဦးကျော်မြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)

( ဂ ) ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)

(ဃ) ဦးဥက္ကာမင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)

၁၁။ အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ အစီရင်ခံစာကို သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း။

၁၂။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၃၀ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ၃၁ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။